## ၅။ အညွှန့်ထိုးပိုး

**Shot–hole borer: *Xylosandrus compactus* (Eichhoff, 1875)**

**Coleoptera : Scolytidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



အညွှန့်ထိုးပိုးဥသည် အကျယ် (၀.၃) မီလီမီတာခန့်ရှိပြီး (၀.၅) မီလီမီတာ အရှည် ဘဲဥပုံ အဖြူရောင်ဖြစ်ပြီး ချောမွေ့သောမျက်နှာပြင်ရှိသည်။ အရွယ်ရောက်သောပိုးလောက်ကောင်သည် (၂.၀) မီလီမီတာခန့်ရှည်သည်။ ဦးခေါင်းသည် အညိုဖျော့ဖျော နှင့်ခရင်မ် အဖြူရောင်ရှိပြီး ခြေထောက်များမရှိပါ။ရုပ်ဖုံး၏ ကိုယ်ထည်သည် ဖြူဖွေးပြီးအရွယ် ရောက်ကျိုင်းကောင်နှင့် အလျားတူညီသည်။ အရွယ်ရောက်ပြီးသော ကျိုင်းကောင်အမသည် အညိုရောင်မှ အနက်ရောင်အထိရှိပြီး အရှည် (၁.၄–၁.၉) မီလီမီတာရှိပြီး အနံထက် နှစ်ဆခန့် ပိုရှည်သည်။ သေးငယ်ပြီး တောင်ပံမဲ့ သောအထီးများသည် (၀.၈–၁.၁) မီလီမီတာခန့်ရှည်ပြီး အနံထက် နှစ်ဆပိုရှည်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**

အညွှန့်ထိုးပိုး ကျရောက်ခြင်း၏ လက္ခဏာရပ်များမှာ အရွက် များရောင်မညီကွက်ကြား ဖြစ်ပြီး ပင်စည်မှစ၍ အကိုင်း၏အဆုံးအထိ ဝင်ရောက်တိုက်ခိုက်သည်။ ပင်စည်များနှင့် အကိုင်းများထဲသို့ လိုဏ်ခေါင်းတူးပြီး ၅–၇ ရက်အကြာ တွင်အကိုင်းအခက် များညှိုး နွမ်းလာပါသည်။

ပိုးကျရောက်ပြီး ရက်သတ္တပတ်များအတွင်း အကိုင်းအခက်များ ကြွေ ကျခြင်းသည် သိသာထင်ရှားပါသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | – (၃–၅)ရက် |
| လောက်ကောင်အဆင့် | – (၃၉–၄၂)ရက် |
| ရုပ်ဖုံးအဆင့် | –(၆–၇)ရက် |
| အကောင်ကြီး | –(၃–၅၈)ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ပိုးကျအပင်များကို အမြစ်မှနုတ်၍ မီးရှို့ဖျက်ဆီးပါ။

(၂) အကောင်ကြီးများအား အလေင်းရောင်ထောင်ချောက်ထွန်း၍ဖမ်းယူ ဖျက်ဆီးပါ။

(၃)ပင်စည်နှင့်အကိုင်းများအတွင်းသို့ဆေးထိုးထည့်ပါ (သို့)ပိုးသတ်ဆေးစွပ်ထားသော ဂွမ်းကိုထိုးထည့်ပါ။

- ဖစ်ပရိုနေး (Fipronil)
- ဒိုင်မီသိုရိတ် (Dimethoate)

(၄)အပင်ခြေအားမြေဆွ၍ ဖစ်ပရိုနေး ၃ဂျီအာ (Fipronil 3GR), ကာဘိုဆာလန် ၅ဂျီ (Carbosulfan 5G) ထည့်ပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre–harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။